## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
(၁၉)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )**

**[တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၁၂။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၅)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၇.၄၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**စောယျားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ၁၉-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွှာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ချင်းပြည်နယ်နေ့ အခမ်းအနားတက်ရောက်ရန်။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ဇိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးခင်ဇော်ဦး၊ မွန် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ စီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေး။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၆)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၈) ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမည့် မေးခွန်းများဟာ ပညာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်

များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ လွိုင်ကော်မြို့ နည်းပညာတက္ကသိုလ်တွင် လိုအပ်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်၊ ပါမောက္ခချုပ်နေအိမ်တစ်လုံး အပါအဝင် နယ်ဝေးပညာသင်ကျောင်းသူ/ ကျောင်းသားများအတွက် အဆောင်ဆောက်လုပ်ပေးရန်နှင့် အရေးပေါ်လိုအပ်သော ကွန်ကရစ်လမ်း ပေ(၁၆၆၀)ကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်က ကယားပြည်နယ်၊ လွိုင်ကော်မြို့ နည်းပညာတက္ကသိုလ်တွင် လိုအပ်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်၊ ပါမောက္ခချုပ်နေအိမ်တစ်လုံး အပါအဝင် နယ်ဝေးပညာသင်ကျောင်းသူ/ကျောင်းသားများအတွက် အဆောင် ဆောက်လုပ်ပေးရန်နှင့် အရေးပေါ်လိုအပ်သော ကွန်ကရစ်လမ်းပေ(၁၆၆၀)ကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်း၍ ဂါရဝပြုပါသည်။ ကျွန်တော်ကတော့ ကယားပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင် ဖြစ်ပါတယ်။ ယခုမေးမြန်းမယ့် မေးခွန်းကတော့ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်ကျောင်းတွင် လိုအပ်သော အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်နှင့် ပါမောက္ခချုပ် နေအိမ်တစ်လုံးအပါအဝင် နယ်ဝေးပညာသင် ကျောင်းသူ/ကျောင်းသားများအတွက် အဆောင်နှင့် အရေးပေါ်လိုအပ်သော ကွန်ကရစ်လမ်းပေ(၁၆၆၀)အတွက် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းပညာတက္ကသိုလ် လွိုင်ကော်သည် ၂၀၀၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော နည်းပညာတက္ကသိုလ်တစ်ခုဖြစ်ပြီး ဘာသာရပ်(၄)မျိုး ပညာတတ်အင်ဂျင်နီယာများ မွေးထုတ်ပေးလျက်ရှိပါသည်။ ၎င်း ကျောင်းသူ/ကျောင်းသားများအား ပညာသင်ပေးနေသော ဆရာ/ဆရာမဦးရေ (၈၁)ဦး၊ စီမံဝန်ထမ်း(၃၄)ဦးတို့ဖြင့် ကျောင်းပညာရေး ယန္တရားကို လည်ပတ်ထမ်းဆောင်လျက်ရှိပါသည်။ နည်းပညာတက္ကသိုလ် လွိုင်ကော်တွင် စာသင်ခန်းလိုအပ်ချက်မှာ အလျားပေ(၂၀၀) x အနံ (၃၅)ပေ RC နှစ်ထပ် စာသင်ဆောင်တစ်လုံး၊ ကျောင်းသူ/ကျောင်းသားများ (၁၀၀) ဦးခန့် အိပ်ဆောင် အလျားပေ (၂၅၀)နဲ့ အနံပေ (၃၀) နှစ်ထပ် သံကူကွန်ကရစ် အိပ်ဆောင်(၃)လုံး လိုအပ်လျက်ရှိပါသည်။ ဆရာ/ဆရာမများနဲ့ ဝန်ထမ်းများနေအိမ် (၆)ခန်းတွဲ(၂)လုံး၊ ပါမောက္ခချုပ် နေအိမ်(၁)လုံး၊ (၄)ခန်းတွဲ၊ (၄)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး၊ (၄)ခန်းတွဲ၊ (၂)ထပ် ဝန်ထမ်းအိမ်ရာက (၁)လုံးများ လိုအပ်လျက်ရှိပါတယ်။

ဆက်လက်ပြီးတော့ ကျောင်းအနေအထားအရ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ နည်းပညာတက္ကသိုလ် လွိုင်ကော်ရဲ့ ပင်မ(၃)ထပ်ဆောင်က ထူးကုမ္ပဏီ ကနေပြီးတော့ တာဝန်ယူ တည်ဆောက်သွားခဲ့တာ Structure ဒီဇိုင်းများ အားနည်းချက်ရှိလို့ ယခု Power Point မှာ မြင်ရတဲ့အတိုင်း ကျွန်တော်တို့ လှေခါးထိပ် တစ်ပြင်ကြီးဟာ ကျုံ့ကျနေပါတယ်။ ဒီကျောင်းကို ၂၀၀၇ ခုနှစ်မှ စ၍ ယခု ၂၀၁၈ ခုနှစ်ဆိုရင် (၁၀)နှစ်တာကာလအတွင်း ရာသီဥတု အခြေအနေအရလည်းကောင်း၊ Structure ဒီဇိုင်းအားနည်းချက်အရလည်းကောင်း၊ ပင်မ (၃)ထပ်ဆောင် အုတ်နံရံ အခြေအနေတွေဟာလည်း ကြည့်မကောင်း၊ ရှုမကောင်း၊ ရင်နင့်ဖွယ်ရာလေးတွေ တွေ့ရှိရပါတယ်။ အချိန်မီအကြီးစား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် အမှန်တကယ်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ လွိုင်ကော်နည်းပညာတက္ကသိုလ်ကြီးဟာ အဝေးက ကြည့်လိုက်ရင်တော့ အင်မတန်မှ ရှုခင်းနဲ့ ဂုဏ်ယူစရာ၊ ဝံ့ကြွားစရာလေးဖြစ်ပါတယ်။ သို့သော် ပန်းချီများလို အဝေးကြည့် ဖြစ်ပါတယ်။ အနီးကြည့်ဖို့ရန် မဟုတ်တဲ့ ပုံစံမျိုးဖြစ်နေပါတယ်။ ၎င်း Master Plan အရ လမ်းအူကြောင်းတွေလည်း ပုံစံကျခြင်းမရှိ၊ ရေနုတ်မြောင်းများ ပြုပြင်ရန်၊ မြေနေရာများ ဆောက်လုပ်ရန်၊ ရေထုတ်ပြွန်များနဲ့ တံတားများဆောက်လုပ်ရန် လုပ်ငန်းများကို ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါတယ်။ အေးချမ်းလုံခြုံစွာ ပညာသင်ကြားရေးကို ရှေးရှု၍ တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်နဲ့ ပြည့်စုံအောင် ဆောင်ရွက်ပေးသင့်သည့်လုပ်ငန်းများ အလွန်များပြားလှပါတယ်။

၎င်းအပြင် သင်ကြားမှုဆိုင်ရာ အလုပ်ရုံများလည်း လိုအပ်နေပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ အလုပ်ရုံအတွက် လိုအပ်ချက်ကတော့ အလျားပေ (၁၃၅)နဲ့ အနံ(၅၁)ပေ တစ်ထပ် RC အဆောက်အဦ(၂)လုံး လိုအပ်နေပါတယ်။ လာမယ့် မိုးရာသီအတွင်းမှာ သွားလာရေး လွယ်ကူရန် အတွက် ပင်မကျောင်းဆောင်က နေပြီးတော့မှ ဝန်ထမ်းအိမ်ရာသို့ သွားလာသော လမ်းပေ -------

နည်းပညာတက္ကသိုလ်ကျောင်း လှေကားထိပ်မှ ကျုံ့ကျနေသော မြင်ကွင်းပုံ (ညည)



ကျောင်းဆောင်အုတ်နံရံများ အက်ကွဲနေသော မြင်ကွင်းပုံ (ညည-၁)



တက္ကသိုလ်ကျောင်းဆောင် ပရဝဏ်လမ်းဆောက်လုပ်ရန်လိုအပ်သော အနေအထား မြင်ကွင်းပုံ (ညည-၂)



**ဥက္ကဋ္ဌ**။　　　။ အချိန်ကုန်သွားပြီ။ ကိုယ်စားလှယ်ကြီးက မေးခွန်းက ပါတဲ့အချက်တွေနဲ့ ကိုယ်စားလှယ်တော်ကြီး တင်ပြတာနဲ့က ပိုပြီးတင်ပြတော့ ကိုယ်လိုချင်တဲ့ မေးခွန်းကျတော့ မဆုံးတော့ဘူး ဖြစ်ကုန်ရော၊ နောက်တစ်ခါ ကိုယ့်မေးခွန်းကို ကိုယ်ဘာမေးထားလဲ၊ ဘယ်လိုတင်ပြမလဲ သေသေချာချာ လေ့လာပြီးတော့ မေးစမ်းပါ။ ပညာသင်ကြားရေးတွေရော၊ ဘာတွေရော အကုန်ပါကုန်တော့ မမီတော့ဘူးဖြစ်ကုန်တယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် (၁၂၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။　　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် (၁၂၀ x၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ / မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်သော ပလက်ဝမြို့သည် မြို့ပေါ်(၃)ရပ်ကွက်ရှိပြီး လူဦးရေ (၇၀၀၀)နီးပါး နေထိုင်လျက်ရှိပါတယ်။ မြို့ပေါ်တွင် အ.ထ.က ကျောင်း(၂)ကျောင်းရှိပြီး ရိက္ခာရပ်ကွက်၊ အ.ထ.က(၂)တွင် ယခုလက်ရှိ ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသား ဦးရေမှာ (၈၁၃)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ကျောင်းသူ၊ ကျောင်းသားဦးရေများပြားတဲ့ စာသင်ဆောင်မှာ ကြပ်ကြပ်တည်းတည်း ပညာသင်ယူနေရသောအခါ စိတ်မချမ်းသာဖွယ်ရာ မြင်တွေ့ရပါတယ်။ ကျောင်းဆောင်အနေဖြင့် (၉၀ x ၃၀)ပေ အဟောင်းတစ်ဆောင်၊ အသစ်တစ်ဆောင်နှင့် (၆၀ x ၃၀) ပေ အသစ်တစ်ဆောင်သာရှိပြီး စာသင်ခန်းများ မလုံလောက်၍ ယခုအခါ ယာယီ အဆောင်တစ်ဆောင် ဆောက်လုပ်ထားသော နေရာတွင်ပင် ကြပ်တည်းစွာ ပညာသင်ကြားလျက်ရှိပါတယ်။ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းကြီးကြပ်ရေးအဖွဲ့များ၊ မိဘဆရာအသင်းလူကြီးများနဲ့ ညှိနှိုင်းတိုင်ပင်ကာ ကျောင်းမြေနေရာလည်း သတ်မှတ်ထားပြီး ကျောင်းဆောင်အသစ် လိုအပ်ချက် အမှုတွဲများကိုလည်း သက်ဆိုင်ရာသို့ စိစစ်တင်ပြထားပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ (ဂ)တွင် နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ပါရှိထားသည်နှင့်အညီ မြေပြင်အနေအထားတွင် တကယ်လိုအပ်သည့် နေရာလည်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါက အမှတ်(၂) အ.ထ.က ကျောင်း ဖြစ်ပါတယ်။ ဒါကတော့ (၉၀ x ၃၀)ပေ ကျောင်းဆောင်ဟောင်း၊ ဒါ အမြင်မှာတော့ အသစ်လို ဖြစ်ပါတယ်။ ဒါပေမဲ့ ကျောင်းဆောင်ဟောင်း ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ (၉၀ x ၃၀)ပေ ကျောင်းဆောင်အသစ်ပုံ ဖြစ်ပါတယ်။ ဒါကတော့ (၆၀ x ၃၀)ပေ ကျောင်းဆောင်အသစ် ပုံတစ်ပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ယာယီဆောင်တစ်ဆောင် ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျောင်း ဆောင်အသစ် ဆောက်မယ့် နေရာပုံ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ အနီးကပ်ပုံနေရာ ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသူ၊ ကျောင်းသားဦးရေကို ကျွန်တော်တို့ တင်ပြထားတာ ဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်ရှိ အ.ထ.က(၂)တွင် (၁၂၀ x ၃၀)ပေရှိ RC နှစ်ထပ်ကျောင်းဆောင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသစ်တစ်ဆောင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ရိက္ခာရပ်ကွက်၊ အမှတ်(၂) အ.ထ.က ကျောင်း မြင်ကွင်းပုံ (ရှေ့)




(၉၀x၃၀)ပေရှိ ကျောင်းဆောင်ဟောင်း မြင်ကွင်းပုံ (ရှေ့-၁)



ကျောင်းဆောင်အသစ် ဆောက်လုပ်မည့် မြေနေရာ မြင်ကွင်းပုံ (ရှု-၂)



**ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၁၂၀ x ၃၀ x ၁၂)ပေ အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်သစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း က ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၁၂၀ x ၃၀x၁၂)ပေ အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်သစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ / မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မူလွန်ကျောင်းဟာ လူထုလုပ်အားဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဖြစ်၍ သက်တမ်း(၃၅)နှစ်ရှိပြီး ဟောင်းနွမ်းယိုယွင်းပျက်စီးလျက် ကျောင်းသူ၊ ကျောင်းသားများအတွက် အန္တရာယ်ရှိပြီး လုံခြုံမှုမရှိတဲ့အပြင် ကျောင်းသားဦးရေ များပြားတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အတိုင်းအတာ (၁၂၀x၃၀x၁၂)ပေ အုတ်ညှပ်နှစ်ထပ် လက်ရှိ မြေနေရာတွင် ကျောင်းဆောင်သစ်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်တွင် တည်ရှိသော အခြေခံပညာမူလတန်းကျောင်းဟာ ၁၉၈၈ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် မူလွန်ကျောင်းအဆင့် တိုးမြှင့်ခဲ့ပါတယ်။ အမှတ်(၂) ရပ်ကွက်တွင် အိမ်ခြေ (၅၀၀)၊ လူဦးရေ(၂၀၀၀)ကျော် နေထိုင်သော ရပ်ကွက်ဖြစ်ပါတယ်။ ဤကျောင်းဆောင်ကို ၁၉၉၂ ခုနှစ်တွင် အမိုးသွပ်(၂၅၀)ချပ် ပံ့ပိုးကူညီခဲ့ပါတယ်။ မြို့ပေါ်တွင် သစ်ဝယ်ယူစုဆောင်းရန် အခက်အခဲ ရှိတဲ့အတွက် အုတ်ညှပ်ဖြင့် ဆောက်လုပ်ရန် လူထုမှ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် ဆောက်လုပ်ရေးဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ရပ်ကွက်အတွင်းရှိ လူထုကို ဦးဆောင်လျက် အုတ်ခဲ (၇၀၀၀၀) ကို လူထုလုပ်အားဖြင့် ဤကျောင်းရဲ့ မြေနေရာမှာ အုတ်ဖုတ်လုပ်ခဲ့ပါတယ်။ လူထုရဲ့ သဘောတူဆုံးဖြတ်ချက်အရ လူထုထံမှ ဆောက်လုပ်ရန် အလှူငွေကောက်ခံခဲ့ရာ ကျပ်သိန်း(၂၀)ကျော် ကောက်ခံရရှိပြီး၊ ဒီကောက်ခံရရှိငွေဖြင့် အဓိက အရေးကြီးတဲ့ တိုင်၊ တံခါး၊ ပြူတင်းပေါက်အတွက် သစ်မာများကို ကလေးမြို့မှလည်းကောင်း၊ ထင်းရှူးသားများကို သံတောင်မြို့ပေါ်မှ ဝယ်ယူစုဆောင်းခဲ့ပါတယ်။ ငွေရေးကြေးရေး ခက်ခဲမှုကြောင့် ပြည်မမှ ဘိလပ်မြေ မဝယ်ယူနိုင်တဲ့အတွက် ဘိလပ်မြေအစား ထုံး၊ သဲ၊ အုတ်ခဲမှုန့်ကို အသုံးပြုလျက် ဆောက်လုပ်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ကျပ်သိန်း (၂၀) ပံ့ပိုးခဲ့ရာ သမံတလင်းနဲ့ မျက်နှာကြက်ကို ပြုလုပ်ခဲ့ပါတယ်။ တစ်နှစ်ပြီး တစ်နှစ် ကျောင်းသားဦးရေ တိုးပွားလာတာနဲ့အမျှ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရန် ရန်ပုံငွေ ကျပ်(၁၄၄)သိန်းဖြင့် (၆၀x၃၀x၁၂)ပေ အတိုင်းအတာရှိ အုတ်ညှပ်(၂)ခန်းတွဲ ဆောက်လုပ်ခဲ့ပါတယ်။ အခန်း မလုံလောက်တဲ့အတွက် လူထုလုပ်အားဖြင့် (၃၀x၂၀x၁၂)ပေ အတိုင်းအတာရှိ သွပ်မိုး၊ သွပ်ကာ မြေကြီးသမံတလင်းဖြင့် လက်ရှိမူလတန်းကျောင်းနဲ့ ဆက်ပြီးတော့ ယာယီတိုးချဲ့ ဆောက်လုပ်ခဲ့ပါသော်လည်း လုံးဝမဆံ့ဖြစ်နေပါတယ်။

သူငယ်တန်းမှ ပဉ္စမတန်းအထိ ကျောင်းသူ၊ ကျောင်းသားဦးရေ (၂၉၈)ဦး ပုံမှန်ကျောင်းတက်နိုင်ပါတယ်။ ဤ ကျောင်းဟာ အောင်ချက်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ သန့်ရှင်းမှုရှိခြင်းတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် ချင်းပြည်နယ်ရဲ့ စံပြကျောင်းအဖြစ် ရွေးချယ်သတ်မှတ်ခဲ့တဲ့အပြင် ထန်တလန်မြို့နယ်တွင်လည်း အကြိမ်ကြိမ် စံပြကျောင်းအဖြစ် သတ်မှတ်ထားသောကျောင်း ဖြစ်ပါတယ်။ လာမယ့်နှစ်မှစ၍ (၆)တန်းနဲ့ (၇)တန်းအထိ ဖွင့်လှစ်ရမှာဖြစ်တဲ့အတွက် လက်ရှိကျောင်းတွင် စာသင်ခန်း လုံးဝ လုံလောက်မှုမရှိပါ။ ဤကျောင်းဟာ တစ်ချိန်က ဘိလပ်မြေမပါဘဲ သဲ၊ ထုံး၊ အုတ်ခဲမှုန့်ဖြင့် ဆောက်လုပ်ထားသော ကျောင်းဆောင်ဖြစ်တဲ့အတွက် အပြင်၊ အတွင်းနံရံ သမံတလင်းများဟာ သက်တမ်းကြာလာတဲ့အခါ ဆွေးမြည့်ကြေမွ ပြိုကွဲနေတာကို ကွက်ကျား ကွက်ကျား တွေ့ရှိရပါတယ်။ လွှတ်တော်ပိတ်ရက်အတွင်း ကျွန်တော်ကိုယ်တိုင် သွားရောက်ကြည့်ရှုခဲ့ရာတွင် ကျောင်းဆောင်ရဲ့ ထောင့်နံရံမှာ အက်ကြောင်းများ ပေါ်နေတာကိုလည်း မြင်တွေ့ခဲ့ရတဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအတွက် အန္တရာယ်ဖြစ်ပေါ်လာမှာကို စိုးရိမ်မကင်းဖြစ်မိပါတယ်။

သို့ဖြစ်ပါသောကြောင့် လူထုလုပ်အားဖြင့် ဘိလပ်မြေမပါဘဲ ဆောက်လုပ်ထားသော အဆောင်ကြီးဟာ သက်တမ်းကုန် ဟောင်းနွမ်းနေပြီး အန္တရာယ်ရှိတဲ့အတွက် လက်ရှိကျောင်းကို ဖျက်ပြီး မူလမြေဂရန်ပေါ်တွင် (၁၂၀ x ၃၀ x ၁၂) ပေ RC သို့မဟုတ် အုတ်ညှပ်နှစ်ထပ်ဆောင်

ဆောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိကို သိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေး ဝန်ကြီးဌာနအား လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ကယားပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးရှေးရယ်ရှုမောင် ရဲ့ မေးခွန်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ်ကျောင်းတွင် လိုအပ်လျက် ရှိသော အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်၊ ပါမောက္ခချုပ်နေအိမ်(၁)လုံး အပါအဝင် နယ်ဝေးပညာသင် ကျောင်းသား၊ ကျောင်းသူများအတွက် အဆောင် ဆောက်လုပ်ပေးရန်နှင့် အရေးပေါ် လိုအပ်လျက်ရှိသော ကွန်ကရစ်လမ်း(၁၆၆၀)ပေကို ဖောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဥ်းပြီး ဦးစွာ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ်(လွိုင်ကော်)မှာ ပင်မ သုံးထပ် ဆောင်ကြီး အပါအဝင် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၃)လုံး၊ အလုပ်ရုံ(၂)လုံး ဆောက်လုပ်ပြီးစီး၍ အသုံးပြုလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့ နယ်ဝေး ပညာသင် ကျောင်းသား၊ ကျောင်းသူများအတွက် အဆောင်အသစ်(၁)လုံးအား ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဥ်အောက်မှ ငွေကျပ်သိန်းပေါင်း (၅၇၂၀)ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံ ဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ နည်းပညာတက္ကသိုလ် (လွိုင်ကော်) အရာထမ်း၊ အမှုထမ်းများအတွက် စီမံဝန်ထမ်းနေအိမ်၊ ကွန်ကရစ်လမ်း (၁၆၆၀)ပေ လမ်းခင်းခြင်းတို့အတွက် လိုအပ်သော ရန်ပုံငွေများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ထည့်သွင်းလျာ ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိတာနဲ့ ဆောင်ရွက်အကောင်အထည် ဖော်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဌေးတင်း ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် (၁၂၀ x ၃၀ )ပေ RC နှစ်ထပ်

ကျောင်းဆောင် အသစ်တစ်ဆောင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း တည်ဆောက်ရေး လျာထားချက်များ ဆောင်ရွက်ရာမှာ အသစ်တည်ဆောက်ရန် လိုအပ်တဲ့ အခြေခံပညာကျောင်းများကို အန္တရာယ်ရှိ ကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန် လိုအပ်သောကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် ပြန်လည်ပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ်သောကျောင်းများ စသဖြင့် လုပ်ငန်းများ ဦးစားပေးခွဲခြားပြီး မြို့နယ်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း(၂၆)ကျောင်းကို ဆောင်ရွက်ပေးဖို့ လျာထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ ရိက္ခာရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် (၁၀၀ x ၂၆)ပေ သွပ်မိုး၊ ပျဉ်ကာ အုတ်ညှပ်နှစ်ထပ်ဆောင်(၁)ဆောင်၊ (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်၊ (၉၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ (၅၀ x ၂၀)ပေ သွပ်မိုး ယာယီဆောင်တစ်ဆောင် စုစုပေါင်းစာသင်ဆောင်(၄)ဆောင်မှာ စာသင်နိုင်တဲ့ဧရိယာ (၁၀၂၄၀)စတုရန်းပေ ရှိကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိပညာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူဦးရေအနေနဲ့ မူလတန်းအဆင့်မှာ(၁၈၄)ဦး၊ အလယ်တန်းအဆင့်မှာ(၂၆၇)ဦး၊ အထက်တန်းအဆင့်မှာ(၃၆၂)ဦး၊ စုစုပေါင်း(၈၁၃)ဦး ရှိပါတယ်။

ဒါကြောင့်မို့ စာသင်ခန်းဧရိယာအနေနဲ့ အနည်းငယ် လိုအပ်မှုရှိကြောင်းတော့ စိစစ်တွေ့ရှိရပါတယ်။ သို့သော် ကျွန်တော် ယခုတင်ပြတဲ့အတိုင်းပဲ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်အတွက် အခြေခံပညာကျောင်းပေါင်း(၂၆)ကျောင်း လျာထားဆောင်ရွက်ခဲ့ရာမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရိက္ခာရပ်ကွက်၊ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်းအတွက် ကျောင်းဆောင်သစ်ကတော့ ဒီ ၂၀၁၈- ၂၀၁၉ မှာ ဦးစားပေးမှာ မပါ ပါဘူး။ သို့သော် ကျွန်တော်တို့ ဆက်ပြီး ၂၀၁၉-၂၀၂၀ မှာ ဆက်လက်လျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဘွဲ့ခိန်း ရဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အခြေခံပညာ မူလတန်းလွန်ကျောင်းကို ၂၀၁၈-၂၀၁၉ ပညာရေးနှစ်တွင် (၁၂၀ x ၃၀ )ပေ အုတ်ညှပ်နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို ဆက်လက်ဖြေကြား တင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လျာထားရာမှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အတွက် အခြေခံပညာကျောင်းပေါင်း(၆)ကျောင်း ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့

အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ (၆၀ x ၃၀)ပေ အုတ်ညှပ်ဆောင်(၁)ဆောင်၊ စုစုပေါင်း စာသင်ဆောင် (၂) ဆောင်ရှိပြီး စာသင်ခန်းဧရိယာ(၄၃၂၀) စတုရန်းပေရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ တက်ရောက်နေတဲ့ ကျောင်းသူ၊ ကျောင်းသားဦးရေအနေဖြင့် မူလတန်းအဆင့်မှာ (၂၅၃)ဦး၊ အလယ်တန်း အဆင့်တွင်(၄၀)ဦး စုစုပေါင်း(၂၉၃)ဦးရှိတဲ့အတွက် စာသင်ခန်းအနေဖြင့် ဧရိယာမျှတပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက်၊ ထန်တလန်မြို့နယ်အတွက် အခြေခံပညာကျောင်း ပေါင်း(၆)ကျောင်း လျာထားပြီး ဖြစ်ပါတယ်။ ဒီ အခုတင်ပြတဲ့ ချင်းပြည်နယ်၊ ထန်တလန် အမှတ်(၂) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းကိုတော့ ၂၀၁၉-၂၀၂၀ မှာ လျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

## ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) (အတွင်းရေးမှူး၊ ဥပဒေကြမ်း ကော်မတီ)က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး၊ ဒေါက်တာ မြတ်ဉာဏစိုး က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ) အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဒေါက်တာမြတ်ဉာဏစိုး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃၈ အဖြစ် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ မှာ ဖော်ပြထားတဲ့ ပြဋ္ဌာန်းချက်

များအရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဆန့်ကျင်ခြင်း မရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းကို အသုံးပြုနိုင်ရန် ရည်ရွယ်ပြီးတော့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေအဖြစ် အပိုဒ် ၆ ပိုဒ်နဲ့ ရေးဆွဲတင်သွင်းထားပါတယ်။

ဒီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကြီးက လက်ခံ ဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။**　။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ။**　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း ဆန္ဒဖော်ထုတ်ရာတွင် ဥပဒေအကာအကွယ်ကို အခွင့်အရေးအဖြစ် အသုံးပြု၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားကို သိလျက်နှင့် တမင်အဖျက်အမှောင့်လုပ်ရပ်များဖြင့် နှောင့်ယှက်ဖျက်ဆီးမည့် အန္တရာယ်မှ ကာကွယ်ဟန့်တားရန်လိုအပ်ခြင်း၊ ဥပဒေကို တလွဲအသုံးပြုမည့်သူများကို ထိုက်သင့်သည့် အရေးယူ ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ခြင်းတို့ကြောင့် ဒီ ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းခြင်းကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံး လေးစားပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းသည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT(OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ တင်သွင်းထားသည့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး ကိုယ်စိတ် ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်း ခညောင်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အရွေးချယ်ခံကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါ်ထုမေ တင်သွင်းထားတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာအစီအစဉ်အရ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုစနစ်ကို ဆင်းရဲသောပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးရွာအုပ်စုများကို ဦးစားပေးအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်း အဆိုကို ထောက်ခံဆွေးနွေး

လိုပါတယ်။ ကျွန်တော့်ရဲ့အဆိုကို အထောက်အကူဖြစ်စေမယ့် Projector Power Point အသုံးပြု ခွင့်နှင့် အင်္ဂလိပ်ဘာသာစကားလုံးများ သုံးစွဲခွင့်ပြုပါရန် ကြိုတင်တောင်းခံအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်သကဲ့သို့ ကျွန်တော်တာဝန်ကျတဲ့ မြို့နယ်(၃)မြို့နယ်ဆိုရင် ရန်ကုန်မြောက်ပိုင်းခရိုင်မှာ စိုက်ပျိုးရေးနဲ့ အသက်မွေးကြတဲ့ဒေသများ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်(၃၀)လောက်ကတည်းက စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုနိုင်ငံတည်ဆောက်မယ်ဆိုပြီး သန္နိဋ္ဌာန်ချ ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း ရာနှုန်းပြည့် မအောင်မြင်ခဲ့ပါဘူး။ ONE VILLAGE ONE PRODUCT စနစ်ဟာ သုတေသနပြုမှတ်တမ်းများအရ ၁၉၇၉ ခုနှစ်၊ ဂျပန်နိုင်ငံ အိုအိတခရိုင်မှ စတင်ခဲ့တယ်လို့ ဆိုပါတယ်။ ဂျပန်နိုင်ငံဟာ ကျွန်းများနဲ့စုဖွဲ့ထားတဲ့တိုင်းပြည်ဖြစ်သလို သဘာဝရေခံမြေခံလည်း အထူးကောင်းမွန်တယ်လို့ ဆိုပါတယ်။ စီမံကိန်း စစချင်းနှစ်မှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေဖြစ်ခဲ့ပေမယ့် ဒုတိယနှစ်၊ တတိယနှစ်တွေကစပြီး အခက်အခဲအားလုံးကို ကျော်လွှားနိုင်တဲ့အပြင် မထင်မှတ်တဲ့အကျိုးအမြတ် ရသွားပါတယ်။ စီမံကိန်းကို အောက်ခြေအဆင့် မြေပေါ်မှာဆောင်ရွက်ကြတဲ့ ကျေးရွာသူ၊ ကျေးရွာသားအားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြစ်သွားခြင်းဟာ တကယ့်ကိုထူးခြားတဲ့ အမျိုးသားရေးစိတ်ဓာတ်ဖြစ်သွားပါတယ်။

ပြည်ပကိုတင်ပို့တဲ့ Export ဖရဲသီးကို ကွန်တိန်နာထဲမှာဆံ့အောင် လေးထောင့်ပုံဖြစ်အောင် ထုတ်လုပ်ကြပါတယ်။ ဂျပန်နိုင်ငံရဲ့ နည်းပညာနဲ့ စနစ်ကို အခြေခံရယူပြီး ၁၉၉၃ ခုနှစ်မှာ ဘရူနိုင်းဒါရုဆလမ်၊ ၂၀၀၀ ခုနှစ်မှာ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ်မှာ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်၊ ၂၀၀၇ ခုနှစ်မှာ မလေးရှားနဲ့ ကမ္ဘောဒီးယား၊ ၂၀၁၂ ခုနှစ်မှာ လာအိုနဲ့ ၂၀၁၃ ခုနှစ်မှာ မြန်မာ စတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ (OVOP) အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အလားတူစီမံကိန်းမျိုး ၁၉၆၀ ခုနှစ် မတိုင်ခင် ၁၉၅၅-၁၉၅၆ ဘဏ္ဍာရေးနှစ်ကတည်းက အစပျိုးခဲ့ဖူးကြောင်း စိုက်ပျိုးရေးဌာနရဲ့ မှတ်တမ်းများအရ သိရှိရပါတယ်။ အဲဒီကာလမှ ၁၉၆၂ ခုနှစ်၊ မတ်လအထိ ဒေသ(၃)ခုစီမှာ အစွရေးပညာရှင်များရဲ့ စနစ်အတိုင်း ဒေသထွက်ကုန်(၃)မျိုး၊ (၄)မျိုး ထုတ်လုပ်ခဲ့ဖူးပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း နမ်ဆန်ဒေသမှ ကျေးရွာ(၁၀)ရွာစုစည်းပြီး ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပန်းသီး၊ လိမ္မော်သီး၊ ချင်းတက်ဆိုတဲ့(၅)မျိုး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်မှာ ကျေးရွာ(၆)ရွာစုစည်းပြီး ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ကြံ၊ သစ်တော်ဆိုတဲ့(၄)မျိုး၊ စစ်ကိုင်းတိုင်းအနောက်မြောက်ဘက်၊ ကဘော်ချိုင့်ဝှမ်းမှာ ရွာ(၅)ရွာစုစည်းပြီး ဆန်စပါး၊ ကြံ၊ ပန်းသီး၊ အစေ့ထုတ်ပြောင်းဆိုတဲ့(၄)မျိုးတွေကို Management Production လုပ်ရာမှာ နမ်ဆန်ဒေသက ရာနှုန်းပြည့်၊ မြစ်ကြီးနားနဲ့ ကဘော်ချိုင့်ဝှမ်းက (၇၅) ရာခိုင်နှုန်း အောင်မြင်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီတုန်းက ရင်းနှီးမတည်ငွေဟာ ပြည်ထောင်စုအစိုးရမှ (၃၅)ရာခိုင်နှုန်း၊ အစွရေးနိုင်ငံစိုက်ပျိုးရေးကော်ပိုရေးရှင်းက(၆၅)ရာခိုင်နှုန်း ပါဝင်ပါတယ်။ တင်ပြပါ အကျိုးအမြတ်ရာခိုင်နှုန်းဟာ စီမံကိန်း စစချင်းနှစ်မှာပဲ ခံစားရပါတယ်။ နောက်ထပ်နှစ်တွေမှာတော့ အကျိုးအမြတ် ပိုလာခဲ့ပါတယ်။ ဆန်နဲ့ ပြောင်းကို အစွရေးနိုင်ငံက အကုန်ယူပါတယ်။ ၁၉၆၃ ခုနှစ်ကျမှ Burmese ways to Socialism

စနစ်ကြောင့် ခွေးထန်းလျက်ခဲ လျက်သလို လုံးပါး ပါးသွားပါတယ်။ ကျွန်တော် အဓိကဆွေးနွေးချင်တာကတော့ မူကောင်းပေမယ့် လူမကောင်းနိုင်ဘူးဆိုတဲ့ Ideology ပါ။ အစ္စရေးစနစ်က ဂျပန် အိုအိတ ခရိုင် လူထုရဲ့စနစ်အတိုင်းပါပဲ။ အစိုးရအရာထမ်း၊ အမှုထမ်းမဟုတ်တဲ့ လယ်သမား၊ ယာသမား စစ်စစ်က ကမကထလုပ် ဦးဆောင်ပြီး အစိုးရဌာန သို့မဟုတ် ဝန်ကြီးဌာနရဲ့ အောက်ခြေအထိ ထဲထဲဝင်ဝင် မဆောင်ရွက်ဘဲ ပေါ်လစီပေါ်မှာ stand လုပ်မယ်။ မူဝါဒအတိုင်း မတိမ်းစောင်းသွားအောင် ဘေးမှ အကြံပေးမယ်ဆိုတာပါပဲ။ ကျွန်တော်တို့နိုင်ငံ အစိုးရများအဆက်ဆက်လုပ်ခဲ့ပုံက နိုင်ငံတကာ၊ ပြည်ပ ချေးငွေ သို့မဟုတ် ပြည်ထောင်စုအစိုးရရဲ့ ငွေလုံးငွေရင်း သုံးမယ့်ဘတ်ဂျက် ကျပြီဆိုတာနဲ့ အထွေထွေ အုပ်ချုပ်ရေးအဆင့်ဆင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး ငွေသားထုတ်ပေးလိုက်ပြီးတော့ ချေးငွေ အတိုင်း ပေးရမယ့်အတိုးနှုန်းတွေ သတ်မှတ်ရာမှာ အဆင့်(၄)ဆင့်မှ ဝန်ဆောင်ခ၊ ပွဲခ အချိုးကပဲ အမှန်တကယ်ရရှိလာမယ့် အကျိုးအမြတ်ရဲ့ (၅၀) ရာခိုင်နှုန်းလောက် ဖြစ်နေတဲ့အပြင် သဘာဝ ဘေးအန္တရာယ်၊ ရေကြီး၊ ရေလွှမ်း၊ မုန်တိုင်းတိုက်၊ မိုးခေါင်တာ ကြုံတွေ့တဲ့အခါ သစ်သီးဝလံတွေ ပျက်စီးကုန်တာမျိုးလည်း ရှိပါတယ်။ ဒါကြောင့် အရှုံးပေါ်အရှုံးဆင့်ပြီး လူလုံးမလှ ဖြစ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ဆောင်ရွက်နေတဲ့ အသေးစား၊ အလတ်စား SME စီမံကိန်းကို လေ့လာကြည့်ပါက ဘယ်လောက်အောင်မြင်သလဲလို့ တွေ့နိုင်ပါတယ်။ ဗဟိုဦးစီးစနစ် မစွန့်လွှတ်နိုင်သမျှ ဘာလုပ်ငန်းလုပ်လုပ် မအောင်မြင်နိုင်ပါ။ စုပေါင်းလယ်ယာမြေစနစ်လည်း ဖြစ်နိုင်ခြေ နည်းပါတယ်။ နှစ်ပေါင်း(၄၀)ကျော်အတွင်း သမဝါယမစနစ် ဆောင်ရွက်ကြတာ ဘယ်လောက်အောင်မြင်တယ်ဆိုတာ အားလုံးအသိပါ။ ကမ္ဘာ့ဘဏ်မှ ချေးယူထားတဲ့ ဒေါ်လာငွေတွေ အတိုးပဲသတ်နေရတာပါ။ အသေးစားနဲ့ အလတ်စားလုပ်ငန်းအတွက် ချေးငွေပေးအပ်ရာမှာ တန်ဖိုးသင့်အပေါင်ပစ္စည်း မပေးနိုင်ရင် ကျပ်သိန်း(၁၀၀)အောက် ငွေ Amount ပဲ ချေးခွင့်ရှိပါတယ်။ ၁၉၅၅-၁၉၅၆ ခုနှစ်က အစ္စရေးက ချေးငွေဟာ (၀.၀)ရာခိုင်နှုန်းအတိုးမဲ့ပါ။ ဂျပန်ချေးငွေဆိုရင်လည်း (၀.၀၂)ရာခိုင်နှုန်းပဲဆိုတော့ အတိုးမဲ့နီးပါးပါပဲ။ ကျွန်တော်ရောက်ရှိလေ့လာဖူးတဲ့ ထိုင်းနိုင်ငံ အနောက်မြောက်ပိုင်း ဒွိုင်မအိုင်ခန်၊ လွယ်လန်းတောင်ကြောဒေသမှာ Royal Garden ဘုရင်မဥယျာဉ် ဆိုတာရှိပါတယ်။ ပြင်သစ်၊ ဆွစ်ဇာလန်၊ နော်ဝေ အကူအညီနဲ့ အဲဒီဥယျာဉ်ကို ဝန်းရံထားတဲ့ စိုက်ပျိုးရေးကျေးရွာ(၂၀) တည်ဆောက်ပေးထားပါတယ်။ စားဝတ်နေရေးအပြည့်အစုံအပြင် Hydroelectric Power ရေအားလျှပ်စစ်ထုတ်တဲ့ ပါဝါပလန့် (၄)ယူနစ်နဲ့ (၂၄)နာရီ မီးလင်းခွင့် မီးသုံးခွင့် ပေးထားပါတယ်။ အဲဒီ လားဟူ၊ ပလောင်၊ အီကောရွာတွေဆိုရင် ထင်း၊ မီးသွေးမသုံးတာ ထင်းမခွေတာဘဲ နှစ်ပေါင်း(၃၀)ကျော်နေပါပြီ။ ဆန်စပါး၊ ပြောင်း၊ ဂျုံ၊ သစ်တော်၊ စပျစ်၊ ပန်းသီး၊ နာနတ်၊ ရှားပါးသစ်ခွ၊ ပျားရည်တို့ကို အဓိက ထုတ်ပြီးတော့ ပြည်တွင်းဖူလုံအောင် ဖြည့်ဆည်းပြီးတော့မှ ပြည်ပပို့ပါတယ်။ တစ်အားစီးပွားဖြစ်ကြောင်း တွေ့ရပါတယ်။ ထိုင်းနိုင်ငံမြောက်ပိုင်း၊ ဇင်းမယ်ဒေသ ထွက်ကုန်အားလုံးလိုလို အဲဒီ လွယ်လန်းဒေသက ထွက်တာ များပါတယ်။ ၁၉၈၆ -၁၉၈၇ ခုနှစ်ကတည်းက အဲဒီရွာတွေမှာ Colour Television၊ စလောင်းတွေ၊ ပစ်ကပ်ကားတွေ၊ Sunny၊ Saloon၊ Blue Bus တွေနဲ့ လူနေမှုအဆင့်အတန်း မြင့်နေကြပါပြီ။ ထိုင်းနိုင်ငံတောင်ပိုင်း စိုက်ပျိုးရေးရွာတွေဟာ စုစည်းထားပြီး ထုတ်ကုန်တစ်မျိုးတည်းကို Specialize လုပ် ထုတ်လုပ်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်တို့၊ သမဝါယမဌာနတို့ကတစ်ဆင့် မတည်ရင်းနှီးငွေချေးပေးတဲ့ အတိုးများများစနစ်အစား အလွန်သက်သာ

ပြီး တွက်ခြေကိုက်မယ့် အတိုးငွေနဲ့ (OVOP) စနစ်ကိုကျကျနန အကောင်အထည်ဖော်စေချင်ပါတယ်။ ဆန်စပါးမျိုး ကောင်းနှင့် Export Quality ဆန်ကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှာ အဓိက ထုတ်လုပ်၊ သစ်သီးဝလံ စားသောက်ကုန်တွေကို တခြားပြည်နယ်တွေက ထုတ်လုပ်၊ ရေ သယံဇာတကို တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးက ထုတ်လုပ်၊ သဘာဝတွင်းထွက် ရတနာတွေကို သက်ဆိုင်ရာ ပြည်နယ်ထဲကမှ ကုန်ကြမ်းအဆင့်သာမက အဖိုးတန် ကုန်ချောဈေးကွက်ဝင်အောင် နည်းပညာမြှင့်တင်ပြီး ထုတ်လုပ်သင့်ပါတယ်။

တနင်္သာရီကမ်းရိုးတန်းကထွက်တဲ့ ပင်လယ်ငါးခူတို့၊ ငါးကွမ်းရှပ်တို့၊ ဌက်သိုက်တို့၊ ဂဏန်း ပျော့တို့ဆိုတာ တန်ဖိုးမြင့်ထုတ်ကုန်တွေပါ။ ရေငန်ပုစွန်ထုပ်ကြီးတွေဆိုလို့ရှိရင် ကျွန်တော်တို့တောင်မှ အခုအချိန်မှာ ဝယ်မစားနိုင်တော့ပါဘူး။ သူ့ဒေသနှင့်သူ တစ်စုတစ်ဝေးတည်း စုစည်းပြီး တန်ဖိုးမြင့် ထုတ်ကုန်တွေ ထုတ်ဖို့ဆိုတာ ရင်းနှီးမတည်ငွေ အဓိကလိုအပ်ပါတယ်။ ကုန်ကြမ်းက ကိုယ့်ဆီမှာ အလျှံအပယ် ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြဆွေးနွေးချင်တာက အစိုးရလခစား အလုပ်မျိုးမဟုတ်ဘဲ ကိုယ့်ရိုးရာ ကျွမ်းကျင်ရာ အသက်မွေးဝမ်းကျောင်းအနေနဲ့ အကျိုးရှိရှိ ထုတ်လုပ်မယ်ဆိုရင် Best Production နဲ့ High Profit လက်ဝယ်ပိုင်ဆိုင်ထားဖို့ဟာ ငွေအား၊ ကာယအား၊ ဉာဏအားတွေနဲ့ အစ္စရေး၊ ဂျပန်၊ ထိုင်း ပုံစံများအတိုင်း ပေါင်းစပ်ဆောင်ရွက်တတ်ဖို့ လိုပါတယ်။ ပြည်ထောင်စုအစိုးရဘတ်ဂျက်တစ်ခုတည်းနှင့် ဌာနဆိုင်ရာကနေ ငွေချေးပေးတဲ့ စနစ်အစား ကိုယ်ထူကိုယ်ထ Public Service and------

မုန်ညင်းစုပေါင်းစိုက်ခင်းမှ မြင်ကွင်းပုံ (၄၄)



ဖရဲစုပေါင်း စိုက်ခင်းမှ မြင်ကွင်းပုံ (၅၅-၁)



လှိုင်လန်းတောင် စပါးစိုက်ခင်းနှင့် ပေါင်းစုကျေးရွာ၏ မြင်ကွင်းပုံ (၅၅-၂)



**အချိန် ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ တင်သွင်းတဲ့ ရွာတိုင်းမြို့နယ်ထုတ်ကုန်သွယ်လို့ ဆိုရလောက်တဲ့ One Village One Product, One Town One Product, One District One Product, One Tamboon One Product စတဲ့ ပုံစံအမျိုးမျိုးနှင့် ဖော်ဆောင်နေကြတဲ့ စီမံကိန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအထူးသဖြင့် အာရှနိုင်ငံအများစုမှာ ကျင့်သုံးနေတဲ့ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို ဒေသခံပြည်သူများရဲ့ လူသားအရင်းအမြစ် စွမ်းအင်များ အသုံးပြုပြီး ကုန်ချောပစ္စည်းများအဖြစ် ပြုပြင်ပြောင်းလဲထုတ်လုပ်တဲ့ ကုန်ထုတ်လုပ်မှု စီမံကိန်းမျိုးဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသအတွင်း အလွယ်တကူရနိုင်တဲ့ သဘာဝသယံဇာတပစ္စည်းတွေကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး စားသုံးကုန်မှအစ လူသုံးကုန်၊ အလှကုန်ပစ္စည်းတွေအထိ ဒေသထွက်သယံဇာတအမျိုးမျိုးကို ကုန်ချောအဖြစ် ဖန်တီးမှုကို တွန်းအားပေးပြီး နိုင်ငံတကာအထိ ထိုးဖောက်နိုင်အောင် ဈေးကွက်ယှဉ်ပြိုင်စေတဲ့ စီမံကိန်းမျိုးဖြစ်ပါတယ်။ တချို့ ရွာအလိုက်၊ မြို့အလိုက်၊ ခရိုင်အလိုက် အကောင်အထည်ဖော်ကြပြီး One Tamboon One Product ကတော့ ထိုင်းလို Tamboon ဆိုတာ ရွာ အဓိပ္ပာယ်ရတဲ့အတွက် တစ်ရွာ ကုန်ပစ္စည်းတစ်ခုအဖြစ် မကြာမီက နတ်ရွာစံ ထိုင်းဘုရင်ကြီး ကိုယ်တိုင် အားပေးချီးမြှောက်ခဲ့တဲ့ ကျေးရွာ အခြေခံစီးပွားရေးစီမံကိန်းမျိုး ဖြစ်ပါတယ်။ ဂျပန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ ကင်ညာနိုင်ငံတွေအပြင် အုပ်စုအသိုက်အဝန်းတွေနှင့် ကမ္ဘာ့နိုင်ငံတွေအကြားမှာ စီးပွားရေးအရ ယှဉ်ပြိုင်မှုများကို ရင်ပေါင်တန်းစေပြီး နိုင်ငံတကာဈေးကွက်ဝင် ရောင်းကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ဆိုရင် ဒီစီမံကိန်းမျိုးက အလွန်အရေးပါလှပါတယ်။

ဂျပန်နိုင်ငံဟာ အဲဒီ စီမံကိန်းကို ဒေသခံဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုအနေနှင့် ၁၉၇၉-၁၉၈၀ ဝန်းကျင်ကစတင်ပြီး One Village One Product (OVOP) ဆိုတဲ့အနေနဲ့ အကောင်အထည်ဖော်ခဲ့ရာကနေ အောင်မြင်ရုံမက ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ခဲ့တာ အားလုံးအသိပါပဲ။ ဒါကို အတုယူပြီး ထိုင်းနိုင်ငံက ၂၀၀၁ ခုနှစ်ထဲမှာပဲ One Tamboon One Product (OTOP) ဆိုပြီး စတင်ခဲ့ပါတယ်။ Tamboon ဆိုတာ ထိုင်းလို ရွာလို့ခေါ်တဲ့ အသုံးအနှုန်းတစ်ခုဖြစ်ပါတယ်။ တစ်ရွာကို ကုန်ပစ္စည်းတစ်ခုနှုန်း ထုတ်နိုင်ဖို့ ဘုရင်ကြီးကိုယ်တိုင် ကျေးရွာတွေဆင်းပြီး ကူညီအားပေးခဲ့တဲ့အတွက် ထိုင်းနိုင်ငံသူ၊ နိုင်ငံသားများဟာ သူတို့ဘုရင်ကြီးကို လေးစားရုံမက ချစ်ခင်မြတ်နိုးကြပြီး ပိုမိုကြိုးစားခဲ့ကြလို့ အောင်မြင်မှုတွေဟာ ကျွန်တော်တို့ ဘယ်လိုမှ လိုက်လို့မမီတော့ပါဘူး။

ပိုပြီးဝမ်းနည်းစရာကောင်းတာက မြန်မာနိုင်ငံနှင့်ထိစပ်တဲ့ ထိုင်းဒေသတော်တော်များများရဲ့ ဖွံ့ဖြိုးမှုတွေဟာ မြန်မာနိုင်ငံရဲ့ သယံဇာတများစွာနဲ့ ပတ်သက်ဆက်နွှယ်နေတာပါပဲ။ သိသူတွေဖော်စားတော့လည်း မသိတဲ့သူတွေက အလုပ်သမား၊ အခစားတွေအနေနဲ့သာ ဒီကနေ့အထိ ငေးကြည့်နေရတုန်းပါ။ ၂၀၀၁ ခုနှစ်မှာ ထိုင်းနိုင်ငံရဲ့ဝန်ကြီးချုပ်က နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှု ပြဿနာကို ဖြေရှင်းဖို့ ဂျပန်နိုင်ငံရဲ့ အောင်မြင်မှုကို အတုယူပြီး အဲဒီစီမံကိန်းမျိုးကို (Local Yet Global) ဒေသထွက်ကုန် ကမ္ဘာအနှံ့စုံ (Self Reliance Creativity) ကိုယ်စွမ်းကိုယ်စတီထွင်ကြံ (Human Resource Development) လူသားအရင်းအမြစ် ပေါင်းစုမြှင့်ဆိုတဲ့ ဆောင်ပုဒ် (၃)ခုနှင့် အကောင်အထည်ဖော်ခဲ့ကြပါတယ်။

၂၀၁၄ ခုနှစ်မှာ ယင်းစီမံကိန်း ထွက်ကုန်ပစ္စည်းများအပေါ် ပံ့ပိုးမှုအနေနဲ့ Story of Product များ ပြုလုပ်စေခြင်း OTOPT Tourism Village စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပြီး ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သူ နိုင်ငံခြားသားများအကြား ရေပန်းစားစေခဲ့တဲ့ အပြင် စီမံကိန်းထုတ်ကုန်ပစ္စည်းများကတစ်ဆင့် နယ်မြေဒေသရဲ့ ထင်ရှားကျော်ကြားမှုကို ဖန်တီးကာ ခရီးသွားလုပ်ငန်းအပေါ် အထောက်အကူဖြစ်စေခြင်း၊ (OTOP) Product Champion (OPC) စီမံကိန်းအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ပြီး ယှဉ်ပြိုင်မှုကနေ ကောင်းမွန်သော အရည်အသွေးများဖြစ်ပေါ်စေခြင်း၊ OTOP City မြေရှိ ကုန်စည်ပြပွဲများကို ပြည်တွင်းပြည်ပမှာ ကျင်းပစေခြင်း၊ ဂျပန်နိုင်ငံမှ JETRO အဖွဲ့အစည်းနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများမှ အသိပညာနှင့် နည်းပညာများ ရယူပံ့ပိုးခြင်းများ ပြုလုပ်နိုင်ခဲ့တာဟာ ၂၀၀၅ ခုနှစ်ကတည်းက OTOP စီမံကိန်း မဟာဗျူဟာကို စတင်ရေးဆွဲခဲ့လို့ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုသ်ကျန်အိုချာအနေနဲ့ OTOP Product Champion (OPC) စီမံကိန်းစိစစ်ကော်မတီ ဖွဲ့စည်းမှုနှင့် အမှတ်ပေးစည်းမျဉ်းဆိုင်ရာ သတ်မှတ်ချက်များကို အသစ်ရေးဆွဲ သတ်မှတ်မှုများ ပြန်လည်ပြုလုပ်စေခဲ့ပါတယ်။ လက်ရှိကာလမှာ ထိုင်းနိုင်ငံဟာ OTOP ထုတ်ကုန်ပစ္စည်းအမျိုးအစား (၁၂၀၀၀၀)ကျော်အထိ ထုတ်လုပ်လျက် ရှိရုံမက ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ဘတ်ငွေသန်းပေါင်း (၁၁၉၃၀၉)သန်း တန်ဖိုးရှိ OTOP ထုတ်ကုန်ပစ္စည်းများကို ရောင်းချနိုင်ခဲ့ပြီး ချင်းမိုင်ခရိုင်တစ်ခုတည်း ဘတ်ငွေသန်းပေါင်း(၈၃၅၅)သန်း ရောင်းချနိုင်ခဲ့ကာ တစ်နိုင်ငံလုံးရဲ့ OTOP ကုန်ပစ္စည်းအများဆုံး ရောင်းခဲ့တဲ့ခရိုင်ဖြစ်ကြောင်း သိရှိရပါတယ်။

ထိုင်းနိုင်ငံရဲ့ အထွေထွေအုပ်ချုပ်ရေးဌာန လက်အောက်မှာရှိတဲ့ ရပ်/ကျေး ဖွံ့ဖြိုးတိုးတက်ရေး ဌာနအနေနဲ့ ရပ်/ကျေး ပြည်သူများကို ဝင်ငွေရရှိစေရေး၊ ကိုယ်ထူကိုယ်ထ တီထွင်ထုတ်လုပ် လုပ်ကိုင်မှုတို့ဖြင့် ခိုင်မာသော ရပ်/ကျေးများတည်ဆောက်ရေး၊ ဒေသထွက်နဲ့ ပြည်သူများရဲ့ လူနေမှု ဓလေ့ထုံးတမ်းစဉ်လာနှင့် ကိုက်ညီတဲ့ ဖွံ့ဖြိုးမှုရစေရေး၊ လူသားအရင်းအမြစ်တိုးတက်ရေး၊ ဈေးကွက်မတူတဲ့ အရည်အသွေးရှိထုတ်ကုန်များ ဖွံ့ဖြိုးရေး၊ လက်ရှိကာလနှင့် အနာဂတ်ကာလ ကုန်ထုတ်လုပ်ရောင်းချမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကွန်ယက်ဖြစ်ပေါ်ရေးစတဲ့ ရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော်လျက်ရှိပါတယ်။

ဖော်ပြပါလုပ်ငန်းများကို မိသားစုအလိုက်၊ အသင်းအဖွဲ့အလိုက် လုပ်ကိုင်ကြပြီး အထူးသဖြင့် အလုပ်လက်မဲ့များနှင့် အရွယ်လွန်များ အားလပ်ချိန်မှာ တွေ့ဆုံညှိနှိုင်းပူးပေါင်း လုပ်ဆောင်ကြကာ မြို့နယ် ထွေ/အုပ်ရုံးမှာရှိတဲ့ ရပ်/ကျေး ဖွံ့ဖြိုးရေးဌာနမှာ သတ်မှတ်ချက်နှင့်အညီ ထုတ်ကုန်ပစ္စည်း ဆိုင်ရာ မှတ်ပုံတင်ခြင်းပြုစေပါတယ်။ (၂)နှစ်တစ်ကြိမ် ကျင်းပတဲ့ (OTOP) Product Champion, OPC ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး အရည်အသွေးစစ်ကော်မတီက ယှဉ်ပြိုင်သူများရဲ့ ရမှတ်အရ ကုန်ပစ္စည်းအဆင့် သတ်မှတ်ပေးကြပါတယ်။ ရမှတ် (၅၀-၆၀) ကြားဆို one Star အဖြစ်၊ (၆၀-၇၀) two Star၊ (၇၀-၈၀)ကြား၊ three Star နှင့် (၈၀-၉၀)ကြား၊ four Star၊ (၉၀-၁၀၀)ကြား၊ five Star အဆင့်ရတဲ့ကုန်ပစ္စည်းမျိုးကို Export ကုန်ပစ္စည်းအဖြစ်နဲ့ OTOP မှတစ်ဆင့် SME အဖြစ်သို့ တိုးမြှင့် မှတ်ပုံတင်ခွင့်ပြုပေးတဲ့အပြင် ၎င်းထွက်ကုန်များကို ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်အဖွဲ့ အစည်းများရဲ့ ဦးဆောင်မှုနှင့် ပြည်တွင်း/ပြည်ပ အနယ်နယ်အရပ်ရပ် ကုန်စည်ပြပွဲတွေမှာ တင်ပြပြီး စျေးကွက်ရှာဖွေမှု ပြုကြရပါတယ်။

အခုအခါမှာတော့ အဲဒီစီမံကိန်းမျိုးကို အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတွေအပြင် ထိုင်ဝမ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါနှင့် ကင်ညာ၊ မာလာဝီစတဲ့ အာဖရိကနိုင်ငံတွေမှာလည်း အကောင်အထည်ဖော် လျက်ရှိတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ကဲ့သို့ စစ်ရှောင်များ၊ အိုးအိမ်စွန့် ဒုက္ခသည်များ ပေါများရာအရပ်တွေမှာ သဘာဝသယံဇာတများကို အခြေခံပြီး One Village One Product မဟုတ်ရင်တောင် One Town One Product အဖြစ်ဖြစ်စေ၊ One District One Product ဖြစ်စေ လမ်းဖွင့်ပေးမယ်ဆိုရင် အလွန်သင့်မြတ်လှပါတယ်။ ဝမ်းသာစရာ ကောင်းတာက ဒီလုပ်ငန်းကို အရပ်သားအစိုးရမတိုင်မီ တစ်နိုင်ငံလုံးအနေနဲ့ All Villages One Product အဖြစ် အကောင်အထည်ဖော်ခဲ့ကြဖူးတဲ့ အတွေ့အကြုံရှိခဲ့ကြလို့ အခက်အခဲ မရှိနိုင်ပေမယ့် ဝမ်းနည်းစရာကောင်းတာက မျိုးစေ့မမှန် အပင်မသန်ခဲ့လို့ အဲဒီလုပ်ငန်း မအောင်မြင်ခဲ့ကြတာကိုတော့ သင်ခန်းစာအဖြစ် ယူကြရမှာ ဖြစ်ပါတယ်။

အဲဒီတုန်းက ဇီဝလောင်စာ ထုတ်လုပ်ယူဖို့ ကြက်ဆူစိုက်မယ့်အစား ကျွန်းပင်တွေသာ စိုက်ဖြစ်ခဲ့ရင် ဂရင်းနစ်စာအုပ်မှာတောင် မှတ်တမ်းဝင်လောက်မှာပါ။ ဆိုလိုတာက ဘယ်လုပ်ငန်း ကိုပဲလုပ်လုပ် စေတနာအမှန်နဲ့ ရည်ရွယ်ချက်အောင်မြင်အောင် အာရုံစိုက်သင့်ပြီး မတော်မရိုးတဲ့ သဘောနှင့် ဖော်ရှီးမဖြစ်စေဖို့ သတိပေး တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု တင်ပြခဲ့သမျှဟာ ကိုယ့်အိမ်နီးချင်း အပါအဝင် ဘေးတိုင်းပြည်များမှာ လက်တွေ့ကျင့်သုံးအောင်မြင်ခဲ့ကြတာမို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ အဆင်သင့်ရှိနေတဲ့ သယံဇာတတွေကို ကုန်ကြမ်းအဖြစ် ရောင်းတာမျိုးကိုချည်း အားကိုး မနေဘဲ မြန်မာ့နည်းမြန်မာ့ဟန်ကနေခွဲထွက်ပြီး ကမ္ဘာ့နည်း ကမ္ဘာ့ဟန် ပြုပြင်ပြောင်းလဲဖို့ ဝန်မလေး စေချင်ပါဘူး။ ဒီနေရာမှာ လီဆူး စကားပုံလေးတစ်ခုကို ကိုးကားချင်ပါတယ်။ ဝယ်စားသူကကျွန် လုပ်ရောင်းသူက သခင်တဲ့။ ကျွန်တော်တို့တတွေ အစစအရာရာ ဝယ်စားမြဲ ဝယ်စားခဲ့ကြတာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ကျော် (၆၀)ကနေ ခုထက်ထိပါပဲ။

လူသုံးကုန်အသေးအမွှားလေးကအစ ဘေးပတ်ဝန်းကျင်နိုင်ငံတွေဆီကပဲ တင်သွင်းနေကြသမျှ၊ ဝယ်စားနေကြသမျှ သိကြားမင်းက နားကင်းကြီးနဲ့ဆင်းလာပြီး တန်ခိုးပြ အမိန့်ချရင်တောင် ကုန်စျေးနှုန်းက ကျမှာမဟုတ်လို့ ကိုယ်စွမ်းကိုယ်စ တီထွင်ကြ၊ လူသားအရင်းအမြစ် ပေါင်းစုမြှင့်၊ ဒေသထွက်ကုန် ကမ္ဘာအနှံ့စုံဆိုတဲ့ ဆောင်ပုဒ်တွေကို မှိုင်းမြမ်းလိုက်နာပြီး ဒေသအချို့မှာ စွမ်းနိုင်သလောက် အကောင်အထည်ဖော်မယ်ဆိုရင်တော့ နိုင်ငံအတွက်ရော ဒေသအတွက်ပါ ကောင်းမွန်တဲ့ အလားအလာများ ဖန်တီးပေးရာရောက်မှာမို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ တင်သွင်းတဲ့ အဆိုကို ထောက်ခံပါကြောင်း လေးနက်စွာ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

၁၉၇၉ ခုနှစ် ဝန်းကျင်ကတည်းက Dr. Morihiko Hiramatsu ဂျပန်နိုင်ငံမှ (OVOP) စတင်ခဲ့သည့် မြင်ကွင်းပုံ (၃၃)




မြန်မာ့ရေသယံဇာတများဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံမှ ကုန်ချောထုတ်လုပ်ရောင်းချပုံ၏ မြင်ကွင်းပုံ (၃၃-၁)



လီဆူးစကားပုံ ဝယ်စားသူက ကျွန်၊ လုပ်ရောင်းသူက သခင် စကားပုံပြပုံ (၃၃-၂)



**အချိန် ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၁။**

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီနေ့ဆွေးနွေးမယ့် ဒေါ်ထုမေရဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာ အစီအစဉ်ကို ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရတဲ့ အကြောင်းအရင်း (၃)ခု ရှိပါတယ်။

ပထမအချက်ကတော့ မြန်မာပြည်ရဲ့ (၇၀)ရာခိုင်နှုန်းသော ပြည်သူတို့နေထိုင်ရာ နေရာဖြစ်သော ကျေးလက်ဒေသများဟာ ဆင်းရဲကြသူချည်းပါ။ များများဆင်းရဲတာနှင့် နည်းနည်းဆင်းရဲတာပဲကွာပါတယ်။ လွန်ခဲ့တဲ့(၁၀)နှစ်၊ အနှစ်(၂၀)၊ အနှစ်(၃၀)ကစ၍ ယခုအချိန်အထိ တိုးတက်မလာသေးပါ။ မြို့တွေပေါ်မှာ မိုးပျံတိုက်တွေ ဘယ်လောက်ဆောက်ဆောက်၊ ဒီ (၇၀)ရာခိုင်နှုန်းသော ပြည်သူကို အရင်တိုးတက်အောင်မပြုလုပ်လျှင် တိုင်းပြည်တိုးတက်ပြီလို့ မခေါ်ဆိုနိုင်ပါဘူး။ သူတို့ကို ဘယ်လို တိုးတက်အောင်လုပ်မလဲ။ ဘယ်နည်းနဲ့လဲဆိုတာ အသေအချာ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ အဲဒီလို တိုးမြှင့်ပေးဖို့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဟာ အဓိကကျပါတယ်။

ကျွန်မသွားခဲ့တဲ့ရွာတွေဟာ လမ်းပန်းဆက်သွယ်ရေး အလွန်ဆိုးပါတယ်။ ဒါကြောင့် လွှတ်တော်ကျပ်သိန်း(၁၀၀၀)ရန်ပုံငွေထဲကဆို အဓိက မြို့နှင့်ဆက်သွယ်ဖို့ လမ်းတံတားကို ဦးစားပေးရပါတယ်။ ဒါမှ ကျန်းမာရေးဝန်ထမ်းတွေ၊ ပညာရေးဝန်ထမ်းတွေဟာ မငြီးမငြူ တာဝန်ထမ်းဆောင်ဖို့ လွယ်ကူစွာ သွားလာနိုင်မှာပါ။ ရွာရှိကလေးငယ်များလည်း ဒီလို လာရောက်သင်ကြားတဲ့အတွက် ကျန်းမာရေး၊ ပညာရေး စိတ်ချရမယ်။ ဒီနေရာမှာ One Village One Product ဟာ လမ်းမကောင်းဘဲ ဘယ်လိုမှ ထုတ်နိုင်မှာ မဟုတ်ပါဘူး။ အထူးသဖြင့် အလွန်ဆင်းရဲတဲ့ ပြည်နယ်၊ ဒေသ/တိုင်းတွေမှာ မဖြစ်နိုင်ပါဘူး။

ဒီအတွက် ဘဏ္ဍာငွေ ရေးဆွဲမယ်ဆိုရင် မြို့နှင့်ဆက်သွယ်ရန် လမ်းတံတားကို ပထမဦးဆုံး စဉ်းစားရပါမယ်။ ဒုတိယအနေနဲ့ သူတို့ရဲ့ ပင်ရင်းလုပ်ငန်းကို တိုးတက်အောင် အရည်အသွေးမီအောင် ကူညီရမယ်။ ထွက်လာတဲ့ထုတ်ကုန်တွေ လွယ်ကူစွာသယ်ယူနိုင်ရေး၊ ဈေးကွက်ရှာဖွေဖော်ထုတ်ရေး၊ ငွေကြေးကို မတရားသဖြင့် လက်ဝါးကြီးမအုပ်ဘဲ သူတို့ပင်ပန်းသမျှ မျှတအောင်ရရှိရေးကို အဓိက ဦးစားပေးဆောင်ရွက်ရပါမယ်။

တတိယအနေနဲ့ကတော့ Human Resources ပါ။ လူသားအရင်းအမြစ်ဟာလည်း သဘာဝသယံဇာတအရင်းအမြစ်ကဲ့သို့ လုံးပါးပါးနေပြီ ဖြစ်ပါတယ်။ မိမိတိုင်းပြည်မှာ မိမိလုပ်အားနှင့် မျှတတဲ့ဝင်ငွေမရနိုင်တော့ နိုင်ငံတကာမှာ ရရာအလုပ် သွားလုပ်ကြတဲ့အတွက် အလုပ်လုပ်နိုင်တဲ့ လူငယ်လူလတ်တွေ နည်းပါးနေပါတယ်။ ဒုတိယကတော့ လူသားအရင်းအမြစ်တွေရဲ့ စိတ်ဓာတ် အခြေအနေ၊ မိမိမြေကအလုပ်ကို လုပ်တဲ့နေရာမှာ ဘယ်လိုတိုးတက်အောင်လုပ်မလဲ။ ခုခေတ်မှာ ပြည်သူ့ကိုယ်စားလှယ်တွေဟာ ကျေးရွာအရောက် ခရီးပေါက်အောင် သွားနေကြပြီမို့ နည်းပညာ၊ လမ်းပန်းဆက်သွယ်ရေး ဈေးကွက်ရှာဖွေရေး စတဲ့အကူအညီများကို တောင်းနိုင်ပါတယ်။

ဥပမာ ကျွန်မ မဲဆန္ဒနယ်မှာ (OVOP) အဖြစ် ငဖယ်အင်းဆိုတဲ့ရွာက အိုးလုပ်ငန်းကို ရွေးချယ်ပြီး Proposal ကို ကျေးလက်က တင်ထားပါတယ်။ ဒီမှာ ပထမ Survey လုပ်ရပါမယ်။ မိရိုးဖလာ လုပ်နေသူ၊ အသစ်လုပ်မယ့်သူဆိုလည်း တကယ်လုပ်မယ့်သူ ဖြစ်ရမယ်။ ကုန်ကြမ်း ရှာဖွေရေး Value Added ဥပမာ ရိုးရိုးရေအိုး၊ သင်္ကြန်အိုးများမှတစ်ဆင့် မြေထမင်းပေါင်းအိုး၊ ရေနွေးအိုး၊ ဒယ်အိုး စတဲ့ ခေတ်နဲ့အညီ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးရမယ်။ ဘတ်ဂျက်ကတော့ SME က စဉ်းစားပေးရင် ကောင်းပါမယ်။

တတိယကတော့ ဝင်ငွေကို စီမံခန့်ခွဲသုံးစွဲတတ်ဖို့ သူတို့ကို Awareness ပေးရပါမယ်။ တစ်မူးရလို့ တစ်ပဲလျှုတာ ကောင်းပါတယ်။ နေ့စဉ်စားဖို့ ချန်ရမယ်။ အရင်းအနှီးလုပ်ဖို့ ဖယ်ရမယ်။ အလုပ် မလုပ်နိုင်တဲ့အခါသုံးဖို့ ငွေစုရမယ်။ များသောအားဖြင့် ကျေးလက် မဖွံ့ဖြိုးရတဲ့ အကြောင်းအရင်း တွေထဲက တစ်ခုကတော့ အကြွေးသံသရာလည်နေခြင်းပဲဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲပြီး သူတို့ကိုချေးခဲ့ရင်တောင် ထိုငွေကို ဘယ်လိုသုံးစွဲရမလဲ ဆိုတာကိုပါ အသိပညာပေးရပါမယ်။ ရတဲ့အချိန်မှာ အားလုံးသုံးလိုက်ပြီး လိုတဲ့အခါမှာ မတန်တဆ အတိုးနဲ့ ချေးပြီးအလုပ်လုပ်၊ လုပ်ပြီးရငွေကို ပြန်ဆပ်တဲ့အခါ အတိုးငွေ အမြောက်အမြားဟာ ပုဂ္ဂလိက ငွေတိုးချေးစားသူများထံ ရောက်သွားရင် အစိုးရလည်းမရ ချေးသူမှာလည်း များစွာနစ်နာပါတယ်။ ဒီအကြွေး သံသရာကိုဖြတ်ဖို့ သူတို့လိုအပ်တဲ့အချိန်မှာ အစိုးရကချေးပေးနိုင်အောင် အတိုးလည်း နည်းနိုင်သမျှ နည်းအောင် စီမံပေးပါမှ တစ်နှစ်ထက်တစ်နှစ် ငွေပိုထွက်လာပြီး အကြွေးသံသရာက ကျွတ်မှာပါ။ ဒါကိုတော့ အစိုးရက ကူညီမှဖြစ်မှာပါ။

ဘတ်ဂျက်တိုးရုံ၊ ထုတ်ကုန်ထွက်ရုံမျှမက အထက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့် ပါကြောင်း အကြံပေးဆွေးနွေးရင်း ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန် ၁၁း၀၅။**

**ဥက္ကဋ္ဌ**။　　။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၅။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်မ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ အဆိုတင်သွင်းတဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု One Village One Product (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ အစီအစဉ်ကို ဆင်းရဲတဲ့ ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်ဆိုတဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်မအနေနဲ့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်ရဲ့ ရည်ရွယ်ချက်ဟာဆိုလို့ရှိရင် ကျေးလက်နေပြည်သူတွေရဲ့ အခွင့်အလမ်းကို ဖန်တီးရရှိရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ထူထောင်ရေးဆိုတာ ရည်ရွယ်ချက်မှာ ပါရှိပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာဆိုရင် ကျွန်မတို့ တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခု၊ ပြည်နယ်ခွဲ(၂)ခု၊ ခရိုင်(၇၃)ခု၊ ကျွန်မတို့ ကျေးရွာပေါင်း (၆၃၈၉၉)ရွာ ရှိတယ်။ နိုင်ငံ့လူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်မှာနေတာ ဖြစ်ပါတယ်။ ကျေးလက်လူဦးရေရဲ့ (၂၉.၂) ရာခိုင်နှုန်း၊ လူဦးရေ(၁၀.၅)သန်းဟာ ဆင်းရဲတဲ့ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ ကျေးလက်နေပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးဖို့အတွက် မိသားစုဝင်ငွေတွေ တိုးတက်ဖို့ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်းဖြင့် အာဟာရပြည့်စေရန် ရည်ရွယ်ချက်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကစပြီးတော့ ကျွန်မတို့ မြစိမ်းရောင်စီမံကိန်းကို လုပ်ခဲ့ပါတယ်။ အဲဒီ မြစိမ်းရောင်စီမံကိန်းမှာ ပါရမယ့်ကျေးရွာတွေဟာဆိုလို့ရှိရင် အတိုးနှုန်းကို တစ်ယူနစ် တစ်ရာမှာ တစ်ကျပ်နှုန်းနဲ့ ကျွန်မတို့ ရွာတစ်ရွာကို ကျပ်သိန်း(၃၀၀)ထုတ်ချေးပါတယ်။ အဲဒီ ကျပ်သိန်း(၃၀၀)ဟာဆိုလို့ရှိရင် အရင်းမပြ မတည်ရန်ပုံငွေအဖြစ်နဲ့ ကျေးရွာလူထုက ခံစားရပါတယ်။ ၂၀၁၄-၂၀၁၅ ကနေပြီးတော့ ၂၀၁၇-၂၀၁၈ (၄)နှစ်တာကာလမှာ ကျွန်မတို့ ယူနစ်ပေါင်း (၈၀၅၇)ခုနှင့် အကျိုးပြုကျေးရွာဦးရေဟာ (၉၈၉၄)ရွာ ဖြစ်ပါတယ်။ အဲဒီ မြစိမ်းရောင်ရဲ့ စီမံကိန်းမှာ ရည်ရွယ်ချက် (၄)ခုပါပြီးတော့ အကျိုးကျေးဇူး (၁၀)ခု ပါ ပါတယ်။ ၎င်းတို့အနက် ဥပမာဖော်ပြရလို့ရှိရင် ဒေသရဲ့ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများရရှိခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အခွင့်အလမ်း ပေါ်ပေါက်လာခြင်းတို့ဟာ အဆိုရှင်ရဲ့ ရည်ရွယ်ချက်တွေနဲ့ ကိုက်ညီနေပါတယ်။

နောက်တစ်ခုကတော့ ကျွန်မတို့ ဒုတိယတစ်ချက်အနေနဲ့ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် Village Development Program ဆိုတာကို ကျွန်မတို့ ၂၀၁၅-၂၀၁၆ ကစပြီးတော့ ကျေးရွာ (၁၇၀)၊ ၂၀၁၆-၂၀၁၇ မှာ ကျေးရွာပေါင်း (၅၁၂၀)မှာ ကျွန်မတို့ စီမံချက်တွေ ရေးဆွဲပါတယ်။ မြို့နယ်(၃၀)လုံးမှာ။ အဲဒီလိုရေးဆွဲပြီးတော့ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ၂၀၁၅-၂၀၁၆ မှာ ရွာပေါင်း (၁၇၀)၊ ၂၀၁၆-၂၀၁၇ မှာ ရွာပေါင်း(၃၄၀)ကို ကျေးရွာတစ်ရွာကို ကျပ်သိန်း(၅၀)နဲ့ ကျွန်မတို့ နိုင်ငံတော်ကနေပြီးတော့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေအတွက် မတည်ငွေတွေ ပေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ မှာကျတော့ မြို့နယ်(၂၀)က ရွာပေါင်း(၆၈၄)ရွာ၊ စီမံကိန်းရေးဆွဲဖို့ကျန်တဲ့ မြို့နယ်(၁၆၆)က ရွာပေါင်း(၁၆၆)ရွာ၊ စီမံကိန်းရေးဆွဲ ပြီးတော့ အဲဒီအချိန်က ရွေးချယ်ပြီးထပ်ပေးတာကတော့ (၁၅၀)နဲ့ ကျွန်မတို့ ရွာပေါင်း (၁၀၀၀)ကိုလည်း ကျွန်မတို့ နိုင်ငံတော်ကနေပြီးတော့ ဖွံ့ဖြိုးရေးစီမံချက်တွေနဲ့ ထောက်ပံ့ပေးကမ်းခဲ့ပါတယ်။

တတိယအချက်အနေနဲ့ကတော့ ၇-၆-၂၀၁၆ ရက်နေ့မှာ အသေးစားနှင့် အလတ်စား ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ(၂၄)ဦး၊ သမ္မတကြီးနဲ့ နိုင်ငံတော်အတိုင်ပင်ခံပါတဲ့ ကော်မတီကိုဖွဲ့ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ အသေးစား၊ အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို စီမံကိန်းချပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခု ကျွန်မတို့က အဲဒီလို ဆောင်ရွက်နေတာတွေသည် အခု ကျေးရွာ တစ်ရွာ ထုတ်ကုန်တစ်ခုဆိုတာနဲ့ ဆက်နွှယ်နေပါတယ်။ ကျွန်မကတော့ ကျွန်မ သွားကြည့်ခဲ့ရတဲ့ ကျွန်မမြို့နယ်ရဲ့ ကျေးရွာတွေမှာ အခြေခံပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုနဲ့ ပတ်သက်ပြီးတော့ လက်တွေ့မှာ ကျွန်မတို့ အကောင်အထည်ဖော်ရန် မလွယ်ကူပါဘူး။ တိုင်းနှင့်ဒေသအလိုက် ထွက်ကုန်တွေ ရှိပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်က ကျေးလက်နေပြည်သူတွေရဲ့ လက်တွေ့ဘဝကို တင်ပြရမယ်ဆိုရင် ဥပမာ ကျွန်မတို့ တံတားဦးမြို့နယ်မှာ လက်ဆောင်ယူ၊ ဥယျာဉ်၊ ငါးရာပြား ကျီးပင်အုပ်စုမှာ သင်ဖြူးဖျာ ထွက်ပါတယ်။ ခေါင်းကွဲရွာကတော့ သွပ်ပြားနဲ့ဝယ်ပြီးတော့ သံသေတ္တာတွေ လုပ်ပါတယ်။ အင်းဝကတော့ ကျွန်မတို့ သပိတ်ထွက်ပါတယ်။ သူတို့က ရွှေသင်ဖျာဆိုတဲ့အဖွဲ့ဟာ (၃၃၈)ယောက်နဲ့ ဖွဲ့စည်းထားပြီးတော့ ကျွန်မတို့ ဒီအသေးစားကနေပြီးတော့ တစ်ဦးကို ကျပ်တစ်သိန်းနဲ့ (၆)လတစ်ကြိမ် ချေးပါတယ်။ သူတို့က (၅)ယောက် တစ်ဖွဲ့ ဖွဲ့ပြီးတော့ တာဝန်ယူရပါတယ်။ အဲဒီလိုယူပြီးတော့ (၆)လတစ်ကြိမ် ကျပ်(၉၀၀၀)ကျ အတိုးပေးပြီးတော့ လုပ်ရပါတယ်။ အခုဆိုရင် သမအသင်းက ချေးနေတယ်ဆိုတာ သိရပါတယ်။ စဉ့်ကိုင်မြို့နယ်မှာတော့ ဇီးတို့၊ သရက်တို့၊ ပဲလျော်တို့၊ ရှောက်လုံးယိုတို့ ကျွန်မတို့ ထုတ်ပါတယ်။ ကျောက်ဆည်မြို့နယ်ကတော့ သရက်၊ ငှက်ပျော၊ ဆန္ဒင်း ထွက်ပါတယ်။ ကျွန်မတို့ အဓိက ကတော့ ကျောက်ဆည်မြို့နယ်က သရက်ကို အဓိက ထားပါတယ်။ အဲဒီသရက်က အကင်းတို့ အသီးတို့ နောက် အချိန်လွန်တဲ့ဟာကို ယိုတို့ဆိုပြီးတော့ လုပ်နေပါတယ်။ ကျွန်မ ဒီနေရာမှာ အဲဒီ ကျေးလက်ပြည်သူ တစ်ယောက်က ငှက်ပျောသီးတို့၊ ဘာတို့ကြော်ပြီးလုပ်တာကို အသေးစားမှာ သူတို့ကနေပြီးတော့ မှတ်ပုံတင်တဲ့အခါမှာ ရရှိလို့ရှိရင် ကျွန်မတို့ လုပ်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ သူတို့က ပထမဆုံးကတော့ သူတို့ကို ရောင်းပေးတဲ့လူတွေကို (၃၀)ရာခိုင်နှုန်း ပေးရတယ်လို့ ပြောပါတယ်ရှင်။

ဒါကြောင့်မို့လို့ ကျွန်မတို့က အပြင်ကနေ လုပ်လို့ရှိရင် မလွယ်ကူပါဘူး။ နောက်တစ်ခု ကတော့ ကျွန်မ စိုက်ပျိုးရေးနဲ့ပြောချင်တာက ကျွန်မရဲ့ လေးမြို့နယ်မှာ မြေသိမ်းတုန်းက စီမံကိန်းနဲ့

သိမ်းထားတဲ့မြေမှာ ပိုလျှံတဲ့မြေတွေကို ကျွန်မတို့က ဒီလယ်ယာမဲ့တဲ့ လူတွေ၊ လုပ်ကိုင်လိုတဲ့လူတွေကို ချထားပြီးတော့ စိုက်ပျိုးခွင့်လေး ပေးလို့ရှိရင်တော့ ကျွန်မတို့ စိုက်ပျိုးထုတ်လုပ်မှုမှာ ပိုမိုပြီးတော့ ရရှိလာပါမယ်။ နောက်ပြီးတော့ ကျွန်မတို့ ဒီလိုမျိုး လုပ်ကိုင်ဆောင်ရွက်မယ့်ဟာတွေကို လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ဒီ အရပ်ဖက်အဖွဲ့အစည်းတွေရော၊ ဌာနတွေရောကနေပြီးတော့ ကျေးရွာတွေမှာ ကျွန်မတို့ အသိပညာပေးတွေ ပြောပြီးတော့ ဒီဥစ္စာတွေကို ကုန်ထုတ်လုပ်မှုမှာ စိတ်ဝင်စားလာအောင် ကျွန်မတို့အနေနဲ့ ပြောဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ပြောချင်တာကတော့ အထူးသဖြင့်ပေါ့၊ ကျွန်မတို့ မြေယာကိစ္စမှာ ကျွန်မတို့အားလုံးကို စိုက်ပျိုးခွင့်တွေ စီမံကိန်းလွန်တွေကို ပြန်လည်ပေးလို့ရှိရင် ကျေးရွာတွေအတွက် စိုက်ပျိုးသီးနှံထုတ်လုပ်တာ ပိုမိုအောင်မြင်ပြီဖြစ်ပါကြောင်း လေးစားစွာတင်ပြရင်း ဒေါ်ထုမေ ရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။

**အချိန် ၁၁း၁၃။**

**ဥက္ကဋ္ဌ**။　　။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၃။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ဖြစ်ပါတယ်။ ရှေ့ကပုဂ္ဂိုလ်များဆွေးနွေးသွားတဲ့ ဒေါ်ထုမေ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)ရဲ့ One Village One Product ဆိုတဲ့ အဆိုကို သက်ဆိုင်ရာဝန်ကြီးဌာနက ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်း၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်လည်းပဲ ဆက်လက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထုတ်ကုန်ဆိုတာ ကျွန်တော်တို့ လူတွေရဲ့ အသက်ရှင်ရပ်တည်ရေးအတွက် နေ့စဉ်လိုအပ်နေတဲ့ ပစ္စည်းများကို ခေါ်တာဖြစ်ပါတယ်။ အမျိုးအမည်အားဖြင့် မိုးပေါ်က ကြယ်တွေ ရေတွက်ရသလို အလွန်များပြားပါတယ်။ ဒါပေမယ့်လို့ သက်ရှိနဲ့ သက်မဲ့ဆိုပြီး အုပ်စု(၂)စု ခွဲလိုက်လို့ရှိရင်တော့ နှစ်မျိုးနှစ်စားလောက်ပဲ ရပါတယ်။ သက်ရှိတွေမှာ သစ်တော၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးက ထွက်တဲ့ပစ္စည်းတွေ ထုတ်ကုန်တွေ၊ သက်မဲ့ပစ္စည်းတွေကတော့ မိမိတို့ လက်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းကရတဲ့ ထုတ်ကုန်တွေဖြစ်ပါတယ်။ အဲဒီလောက်များပြားတဲ့ ကုန်ပစ္စည်းတွေကို နိုင်ငံတွင်းမှာရှိတဲ့ ကျေးရွာပေါင်း (၆၀၀၀၀)ကျော်မှာ နေထိုင်ကြတဲ့လူတွေဟာ မိမိတို့ရဲ့ ဘဝရပ်တည်ရေးအတွက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေခဲ့ကြပါတယ်။ အခုလည်း လုပ်သလို ရှေးတုန်းကလည်း လုပ်ခဲ့ကြပါတယ်။ အဲဒီအထဲမှာ "တံတားဦးက ကွမ်းနုဝါ၊ မြောက ဆေး၊ ကွမ်းသီး တောင်ငူနဲ့ ကိုင်း ထုံးဖြူ ပြည်ရှား၊ သာဝါး လို့ထွေး" ဆိုတဲ့ အင်းဝခေတ် စာဆိုတော် ဖိုးသူတော်ဦးမင်းနဲ့ လူဦးမင်း တို့ရဲ့ဒွေးချိုးလေးကို ကြည့်လိုက်လို့ရှိရင် အဲဒီခေတ်က ဘယ်ဒေသမှာ ဘာထွက်တယ်ဆိုတာ ဒါ အကြမ်းဖျင်း သိနိုင်ပါတယ်။ အခုခေတ်မှာလည်း ဒေသအလိုက် နာမည်ရနေတဲ့ ထွက်ကုန်တွေ အများကြီးရှိပါတယ်။

ဒီထဲက ဥပမာ အနည်းငယ်တင်ပြရရင် ဖားကန့်မှာ ကျောက်စိမ်းထုတ်သလို မိုးကုတ်မှာ ပတ္တမြားနဲ့ မြစ်ကြီးနားက ကချင်လုံချည်၊ ရှမ်းပြည်မှာ လက်ဖက်၊ လိမ္မော်၊ ကော်ဖီ၊ ဧရာဝတီတိုင်းဒေသကြီး က ဆန်စပါး၊ အထူးသဖြင့် ပုသိမ်ပေါ်ဆန်းမွှေး၊ ရေးနဲ့ မြိတ်က ရေထွက်ကုန်နဲ့ ငှက်သိုက်၊ ရာဘာ၊ အုန်းဆီ၊ ရွှေချည်ထိုး ရွှေပြားမှာ မြပါးရပ်၊ မန္တလေးနဲ့ အလှမ်းမဝေးတဲ့ အမရပူရမှာ လွန်းရာကျော်၊ ပန်းတနော်ဆို သင်ဖြူးဖျာ အမြင်မှာ အဆင်မရိုးအောင် စဥ့်အိုးကိုတော့ ကျောက်မြောင်း၊ ရွှေဘိုနယ် ကျောက်မြောင်း၊ အသွင်မပြောင်းတဲ့ ပန်းဆယ်မျိုးပညာရပ်တွေကိုတော့ တစ်ပြည်လုံးမှာ လုပ်နေတာ တွေ့ရမှာပါ။ ဒီထဲကမှ ခေတ်ကာလအရ ဈေးကွက်မရလို့ ငုတ်သွားတဲ့ လုပ်ငန်းလေးတွေလည်း ဝမ်းနည်းစွာ ရှိနိုင်ပါတယ်။ ရှိပါတယ်။ ဥပမာအားဖြင့် မော်လမြိုင်၊ ဘီလူးကျွန်းက ကျောက်သင်ပုန်းလုပ်ငန်းနဲ့ ဆေးတံအိုး လုပ်ငန်းတွေ အင်းဝက မြေသပိတ်လုပ်ငန်း၊ ပုသိမ်က ပုသိမ်ထီးလုပ်ငန်း စတာတွေပဲဖြစ်ပါတယ်။ ဒါပေမယ်လို့ ခေတ်မီအောင် စေတနာထားပြီးတော့ လုပ်နေကြတဲ့ ရှေးခေတ်က မြန်မာမှုလုပ်ငန်းတစ်ခုကို ဝမ်းသာစွာ တွေ့နိုင်တာကတော့ အခု လူကြီးမင်းတို့၊ ကျွန်တော်တို့၊ ခင်ဗျားတို့ ခေါင်းပေါ်မှာ ဆောင်းထားတဲ့ မြန်မာ့မောင်ကျက်သရေ ခေါင်းပေါင်းဟာဆိုလို့ရှိရင် ပဲခူးတိုင်း ရွှေတောင်မြို့နယ်၊ ယောတောင်ရွာမှာ ယနေ့အထိ အသက်(၁၅)နှစ်ကနေ (၇၅)နှစ်၊ (၈၀)အရွယ်ကြီးတွေ လုပ်ကိုင်နေကြ တာကို ဝမ်းသာစွာ တွေ့နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလို ဒေသအလိုက် လုပ်နေတဲ့ လုပ်ငန်းတွေကို စနစ်တကျ အားပေးတဲ့ အနေနဲ့ ယနေ့အချိန်မှာ နိုင်ငံတော်အစိုးရဟာလည်းပဲ တိုင်းပြည်စီးပွားဖွံ့ဖြိုးရေးကို ငြိမ်းချမ်းရေး လုပ်ငန်းတွေနဲ့ တွဲပြီးတော့ ကြိုးစားဆောင်ရွက်လို့ပေးနေပါတယ်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးရွာတွေမှာ ရေ ရရှိရေး၊ မီးရရှိရေး၊ လမ်းကောင်းမွန်ရေး စတာတွေကို ဦးစားပေးလုပ်ကိုင်နေတဲ့အပြင် မြစိမ်းရောင် စီမံကိန်းနဲ့လည်းပဲ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ငွေကြေးများ ပံ့ပိုးလုပ်ဆောင်ပေးနေပါတယ်။ ဒေသအလိုက် အောင်မြင်မှုတွေလည်း ရှိသင့်သလောက် ရှိနေကြပါတယ်။ ဒါ့အပြင် VDP လို့ခေါ်တဲ့ Village Development Project ကိုလည်းပဲ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာတစ်ရွာကို ကျပ်သိန်းတစ်ရာထုတ်ပေးပြီးတော့ ကျေးရွာပေါင်းတစ်ထောင်ကို စနစ်တကျသင်တန်းတွေပေးပြီး လုပ်ပေးနေပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်းပဲ လမ်းဦးစီးဌာနကို တိုးချဲ့ဖွင့်လှစ်ပြီးတော့ ကျေးရွာချင်းဆက်လမ်းတွေကို A,B,C လို့ အမျိုးအစားခွဲခြားပြီး ဖော်ထုတ်ပြုပြင် လုပ်ကိုင်ပေးနေ ပါတယ်။ ဒါ့အပြင် လျှပ်စစ်ဝန်ကြီးဌာနကလည်းပဲ လက်ရှိထုတ်ပေးနေတဲ့ မဂ္ဂါဝပ်ထက် နှစ်ဆ တိုးချဲ့ထုတ်ပေးနိုင်အောင်ဆိုပြီးတော့ မကြာခင်ကမှ မင်းဘူးမှာ ဆိုလာပါဝါ စက်ရုံနဲ့ LNG ခေါ်တဲ့ ဓာတ်ငွေ့တွေကနေပြီးတော့ တာဘိုင်လဲတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးတွေကို အခုအခါမှာ တည်ဆောက်နေတာကို တွေ့မြင်နိုင်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လည်းပဲ အသေးစား၊ အလတ်စားလုပ်ငန်းတွေဖြစ်တဲ့ SME လုပ်ငန်းပေါင်း (၆၀၀၀၀)ကျော်ကို ငွေများ ထုတ်ချေး ပံ့ပိုးကူညီပေးနေပါတယ်။ ဒါတွေဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ရဲ့ ယနေ့လုပ်ဆောင်နေတာ လို့ မြင်နိုင်ပါတယ်။

ဆက်လက်ပြီးတော့ အကောင်းအမြင်နဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ဟာ ကျေးရွာတစ်ရွာ ကို ထုတ်ကုန်တစ်ခုအနေနဲ့ လုပ်မယ်ဆိုလို့ရှိရင် ဒီပစ္စည်းတွေ ဈေးကွက်လည်းရမယ်ဆိုရင် ရွာပေါင်း

(၆၀၀၀၀)ကျော်က လူဦးရေ (၃၇)သန်းခန့်ဟာ အလုပ်အကိုင် အခွင့်အလမ်းတွေ ရလာကြမယ်၊ ကိုယ့်ဒေသမှာပဲ လုပ်ရတော့ မြို့တက်အလုပ်ရှာကြရတာ၊ နိုင်ငံခြားထွက်လုပ်ကြရတာဆိုတဲ့ ဒုက္ခတွေလည်း နည်းသွားမယ်။ ဒါ့အပြင် ထုတ်ကုန်တွေ တိုးလာတဲ့အတွက် ဝင်ငွေတွေတိုးလို့ ရေမြင့်တော့ ကြာမြင့်ဆိုသလို တိုင်းပြည်ရဲ့ GDP ဟာလည်း မြင့်တက်လာမှာဖြစ်ပါတယ်။ ကမ္ဘာမှာ ဒီ (OVOP)ကို အောင်မြင်တဲ့ နိုင်ငံတွေရှိသလို မအောင်မြင်တဲ့ နိုင်ငံတွေလည်း ရှိခဲ့ပါတယ်။ အထူးသဖြင့်တော့ ဂျပန်မှာ ၂၀၀၁ ခုနှစ်လောက်က OITA ဆိုတဲ့ မြို့လေးမှာစခဲ့တဲ့ ဒီစီမံကိန်းဟာ အောင်မြင်လာတော့ အခြားနိုင်ငံတွေမှာလည်း စမ်းသပ်လုပ်လာကြတာပါ။ အာရှမှာဆိုရင် အင်ဒိုနီးရှား၊ အိန္ဒိယနဲ့ အာဖရိက က မာလာဝီ၊ ကင်ညာ စတဲ့ နိုင်ငံတွေမှာလည်း လုပ်ကိုင်နေကြပါတယ်။ အထူးသဖြင့်တော့ မာလာဝီမှာ ဆိုရင် ၂၀၀၃ ခုနှစ်လောက်ကတည်းက စပြီးတော့ လုပ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီမှာ မာလာဝီမှာ မူဝါဒ(၃)ချက် ချမှတ်ပြီးတော့ လုပ်ကိုင်ခဲ့တယ်လို့ ဗဟုသုတအနေနဲ့ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ဒါကတော့ Think Globally and Act Locally ကမ္ဘာနဲ့ချီမျှော်ခေါ်တွေးပြီးတော့ ကိုယ့်ဒေသမှာ အလုပ်လုပ်မယ်။ နံပါတ်(၂)က Self Reliance with Creative Spirit ကိုယ်ပိုင်ယုံကြည်မှုနဲ့ တီထွင်မှုကို အားပေးတယ်။ နံပါတ်(၃)က Human Resource Centre Development လူ့စွမ်းအား ကို ဗဟိုပြုပြီးတော့ အလေးထားပြီး တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်မယ်ဆိုတဲ့ မူဝါဒတွေနဲ့လုပ်လို့ မာလာဝီဟာ ယနေ့မှာ အောင်မြင်နေပါတယ်။ ထိုင်းနိုင်ငံမှာတော့ ဝန်ကြီးချုပ်သက်ဆင် လက်ထက်ကတည်းက ၁၉၉၅ လောက်ကတည်းက ဒီလုပ်ငန်းကို လုပ်ခဲ့ပါတယ်။ ဒါပေမယ်လို့ ဗဟိုချုပ်ကိုင်မှုများခြင်း၊ ကျေးလက်ပြည်သူတွေမှာ အင်တာနက် ဗဟုသုတ၊ IT ဗဟုသုတနှင့် နည်းပညာ ဗဟုသုတများ နည်းခြင်း၊ အစိုးရအပြောင်းအလဲနှင့် စနစ်ပြောင်းလဲခြင်းတို့ကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ဘူးလို့ ကျွန်တော်တို့ Youtube ကနေပြီးတော့ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂိုလ်တစ်ဦးပဲဖြစ်ဖြစ် အဖွဲ့တစ်ခုပဲဖြစ်ဖြစ် လုပ်ငန်းတစ်ခု လုပ်ကိုင်ကြရာမှာ IQ ကောင်းရုံနဲ့ မပြီးပါဘူး။ EQ ဆိုတဲ့ Emotional Quotient ရှိမှလည်း အောင်မြင်နိုင်ပါတယ်။ အခြေအနေနဲ့ အချိန်အခါအလိုက် သိပြီးတော့ လုပ်သင့်တာလုပ်ဖို့၊ စိတ်ပိုင်းဆိုင်ရာ ဟာမိုနီ ပဲ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ တိုင်းပြည်မှာ စီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်နေစဥ်မို့ ရင်းနှီးမြှုပ်နှံရတဲ့ တန်ဖိုးတွေ ထူထောင်ရတဲ့စရိတ်တွေ နိုင်ငံခြား ကြွေးမြီတွေ စတဲ့ ဘဏ္ဍာငွေ ဝန်ထုပ်ဝန်ပိုးတွေ ရှိနေပါတယ်။ ရသုံးမှန်းခြေငွေစာရင်းမှာလည်း လိုငွေပြပြီးတော့ လိုငွေနဲ့ GDP အချိုးဟာ ကမ္ဘာ့ဘဏ်က သတ်မှတ်ထားတဲ့ (5) precent ထက်မက ကျော်လွန်နေတာကိုလည်း ကျွန်တော်တို့ သတိပြုရမှာ ဖြစ်ပါတယ်။

အဆိုရှင်တင်ပြထားတဲ့ ဆင်းရဲတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေကို ဦးစားပေးပြီး လုပ်ဆောင်ရန်ဆိုတာ သင့်တော်ပေမယ်လို့ လောလောဆယ်တော့ မဖြစ်နိုင်သေးဘူးလို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီဒေသတွေမှာ ငြိမ်းချမ်းရေးမရကြသေးလို့ပါပဲ။ ကလေးတွေ ပြေးဆော့နေတဲ့ မြက်ခင်းစိမ်းစိမ်းတွေပေါ်မှာ ယမ်းငွေ့တွေ လိမ်းကျံပေနေတော့ ဒီဒေသရဲ့ အခြေခံတည်ဆောက်မှုဖြစ်တဲ့ လမ်းဖောက်ဖို့၊ တံတားဆောက်ဖို့ဆိုတဲ့ အလုပ်တွေ မလုပ်နိုင်သေးပါဘူး။

နိဂုံးချုပ်အနေနဲ့ OVOP ဟာ ကျေးလက်ပြည်သူတွေအတွက် အားတက်စရာ ဖြစ်ပေမယ်လို့ လက်ရှိ မိမိတို့တိုင်းပြည်အခြေအနေအရ ငြိမ်းချမ်းရေးတည်ဆောက်ဖို့နဲ့ ရှိပြီးသား လုပ်လက်စ

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက်အားပေးခြင်းနဲ့ တည်ဆောက်ဆဲ Infrastructure တွေကိုသာ မြန်မြန်ပေါ်လာအောင် လုပ်ပေးစေလိုပါတယ်။ လုပ်ပေးခြင်းဟာ ပို၍ကောင်းမယ် ထင်ပါတယ်။ ရှိသင့်တဲ့ Structure တွေကို မပြည့်စုံဘဲနဲ့ စီမံကိန်းကို အလောကြီးပြီးတော့ ချမှတ်လို့ရှိရင် မိအေးနှစ်ခါနာကိန်းနဲ့ ကြုံရနိုင်ပါတယ်။ ဒါကြောင့် ဒီမှာရှိတဲ့ ကိုယ်စားလှယ်ပေါင်း (၂၂၀)ကျော်ရဲ့ ကိုယ်စား လွှတ်တော်ကြီးကနေပြီးတော့ EQ ရှိရှိနဲ့ ဒီအဆိုကို အတည်ပြုသင့် မပြုသင့် ဆုံးဖြတ်ပေးကြပါလို့ အကြံပြု ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ် ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**အချိန် ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို မနက်ဖြန် ကျင်းပမည့် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန် ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်(အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန် ၁၁း၂၁။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁း၂၁ နာရီအချိန်တွင် ရပ်နားပါသည်။]